မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

June 5, 2025 Volume 91, Number 4

| ၅.၆.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၉၇.၀၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၃.၄၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၄၉.၂၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၅.၃၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၃၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၅၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၄၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၅.၈၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၄၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## ယခုဘဏ္ဍာနှစ်၌ ပဲမျိုးစုံတန်ချိန် ၂ သန်းခန့် ပြည်ပတင်ပို့မည်




ယခု ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ်မှာ ပြည်ပကို ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၈၃ သန်း တင်ပို့မှာဖြစ်ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈ ဘီလီယံဖိုး တင်ပို့နိုင်ဖို့ လျာထားတယ်လို့ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းက သိရပါတယ်။

ယခုဘဏ္ဍာနှစ် ဧပြီလကနေ မေလအထိ နှစ်လအတွင်း ပြည်ပကို ပဲမျိုးစုံတန်ချိန် ၄ သိန်းကျော် တင်ပို့ထားပြီးဖြစ်ပါတယ်။ ပြည်ပကို နိုင်ငံတကာဈေးကွက်ဝင် ပဲမျိုးစုံတင်ပို့ရာမှာ ဈေးကွက်အသစ်ထက် လက်ရှိတင်ပို့နေတဲ့ ဈေးကွက်တွေကို ပိုမိုတိုးချဲ့နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေတယ်လို့ မြန်မာနိုင်ငံပဲမျိုးစုံ၊ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်က ပြည်ပကို ပဲမျိုးစုံတန်ချိန် ၂ ဒသမ ၁၄ သန်း တင်ပို့နိုင်ခဲ့ရာ ဝင်ငွေ အမေရိကန် ဒေါ်လာ ၁ ဒသမ ၈၂ ဘီလီယံ ရရှိခဲ့ပြီး ပြည်ပကို ပဲမျိုးစုံတင်ပို့ရာမှာ ပင်လယ်ရေကြောင်းကနေ အဓိကတင်ပို့နေတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံကနေ ပဲမျိုးစုံကို အိန္ဒိယနိုင်ငံကို အများဆုံး တင်ပို့နေတာဖြစ်ပြီး တရုတ်နဲ့ဥရောပသမဂ္ဂနိုင်ငံတွေကိုလည်း တင်ပို့နေပါတယ်။လက်ရှိမှာပြည်ပကိုမတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲယင်းနဲ့ထောပတ်ပဲစတဲ့ ပဲ အမျိုးအစားပေါင်း ၂၀ လောက် တင်ပို့နေတယ်လို့ သိရပါတယ်။

Source: https://onenewstvchannel.com/

## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## အောင်ပန်းကုန်စည်ဒိုင်များမှ မတ်လအတွင်း ဟင်းသီးဟင်းရွက်နှင့်စားဖိုဆောင်သုံးသီးနှံများ၏ ဈေးကွက်ဈေးနှုန်းနှင့် စီးဆင်းမှုအခြေအနေ

ရှမ်းပြည်နယ်တောင်ပိုင်းအနေဖြင့် ဟင်းသီးဟင်းရွက်များ၊ စားဖိုဆောင်သီးနှံများကို အများဆုံးစိုက်ပျိုးထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့ အများဆုံးတင်ပို့လျက်ရှိရာတွင် ပြီးခဲ့တဲ့မတ်လအတွင်းမှာဆိုရင်တော့ ဟင်းသီးဟင်းရွက်များ အနေဖြင့် ဂေါ်ဖီ၊ ပန်းမုန်လာ၊ ရွှေပဲ၊ မုန်ညင်း၊ ဖရုံသီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ငရုတ်ပွ၊ မုန်လာဥနီ၊ ဗိုလ်စားပဲ စသည့်သီးနှံကုန်ချိန် ပိဿာ၂၇ သိန်းကျော်၊ စားဖိုဆောင်သီးနှံများအနေဖြင့် ကြက်သွန်ဖြူ ကုန်ချိန်ပိဿာ ၂၄ သိန်းကျော်၊ အာလူး ကုန်ချိန် ပိဿာ ၃၈ သိန်းကျော်၊ ချင်းနှင့် နနွင်းအနေဖြင့် ကုန်ချိန်ပိဿာ ၆သိန်းခန့်ကို အောင်ပန်းပွဲရုံများမှ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မိတ္ထီလာ၊ ပဲခူး၊ ပြည်၊ မုံရွာ၊ ချောက်၊ မော်လမြိုင်စသည့်မြို့ကြီးများသို့ တင်ပို့နိုင်ခဲ့သည်။

ဈေးကွက်ဈေးနှုန်းအခြေအနေမှာ အဓိကသီးနှံများဖြစ်သည့် ပြည်ပပို့ကုန်သီးနှံအနေဖြင့် ရှမ်းတောင်တွင် ပြောင်း လက်ကျန် နည်းပါးခြင်း၊ ဈေးကွက်အတွင်းကုန်စည်အသစ်များ ဝင်ရောက်လာမှုနည်းပါးခြင်းနှင့် ရန်ကုန်ဈေးကွက်မှ အဝယ်များသဖြင့် ပြောင်းဈေးအနေဖြင့် တစ်ပိဿာလျှင် ယခင်၁၅၀၀ကျပ်မှ ယခု ၁၅၅၀ ကျပ်ခန့် မြင့်တက်ခဲ့သည်။

ကြက်သွန်ဖြူဈေးနှုန်းအနေဖြင့် မတ်လအစပိုင်းတွင် ဈေးကွက်အတွင်းအဝင်လျှိုင်ပြီး အဝယ်ကောင်းသဖြင့် တစ်ပိဿာ လျှင် ကျပ် ၅၀၀၀ – ၈၃၀၀ အထိဈေးရရှိခဲ့ပြီး၊အာလူးသီးနှံအနေဖြင့်လည်း အဝယ်ကောင်းသဖြင့် စီးဆင်းမှုကောင်းခဲ့ပြီး ဈေးနှုန်း အနေဖြင့်တစ်ပိဿာလျှင် ၂၀၀၀ – ၆၀၀၀ ကျပ်ဖြင့် အမျိုးအစားအလိုက် ဈေးရရှိခဲ့သည်။

ကုန်စိမ်းဟင်းသီးဟင်းရွက်များအနေဖြင့် ဂေါ်ဖီ၊ ငရုတ်ပွ၊ ဗိုလ်စားပဲ၊ ရွှေပဲသီး၊ ခရမ်းချဉ်သီးနှင့် မုန်ညင်းစသည်တို့မှာ မိုးရွာ သွန်းမှုများပြားခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများကြောင့် စီးဆင်းမှုအနည်းငယ်လျော့နည်းခဲ့ပြီး အရောင်းအဝယ် အေး၍ ဈေးနှုန်းများကျဆင်းသွားကြောင်း အောင်ပန်းကုန်စည်ဒိုင်များက သိရသည်။

**Source:** https://myantrade.gov.mm/

## ကြက်သွန်နီ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ



မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကြက်သွန်နီကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်း၊ ကြက်သွန်နီကို မြင်းခြံမြို့နယ်တွင် ၈,၆၀၀ ဧက၊ တောင်သာမြို့နယ်တွင် ၉,၂၀၄ ဧက၊ နွားထိုးကြီးမြို့နယ် တွင် ၂,၃၉၄ ဧက၊စုစုပေါင်း ၂၀,၁၉၈ ဧက စိုက်ပျိုးခဲ့ရာ စိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်းခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဆောင်းကြက်သွန်နီကို နိုဝင်ဘာလနှင့်ဒီဇင်ဘာလများတွင် စိုက်ပျိုးပြီး ၄ လခန့်အကြာ မတ်လနှင့်ဧပြီလများတွင် ရိတ်သိမ်းထွက်ပေါ်ကြောင်း၊ ရွှေဖလားကြက်သွန်နီဥမျိုးများကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးဥ ၃-၄ ပြည် ခန့် ကုန်ကျကြောင်း၊ မျိုးစေ့ကို ပျိုးထောင်ပြီး ပျိုးပင်သက်တမ်း ရင့်ချိန် တွင် ဘောင်ခတ်စနစ်ဖြင့် မြေချစိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၂၉-၃၀ သိန်းခန့်ကုန်ကျကြောင်း၊ တစ်ဧကလျှင် ကြက်သွန်နီ ပိဿာချိန် ၃,၄၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများမှ မြင်းခြံမြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်(ဘုရင့်နောင်ပွဲရုံ)၊ မန္တလေး၊ နေပြည်တော်နှင့် မော်လမြိုင်မြို့များသို့ တင်ပို့လျက်ရှိကြောင်း၊ ကြက်သွန်နီသီးနှံ စိုက်ပျိုးခြင်း ဖြင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း ကြက်သွန်နီစိုက် တောင်သူတစ်ဦးထံက သိရသည်။

Source : https://commerce.gov.mm/

## ကျောက်ဆည်ခရိုင်အတွင်း မိုးကြိုဝါများ စတင်ထွက်ပေါ်လျက်ရှိ



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြရာ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိကြောင်း၊ ဈေးကွက်ဝယ်လိုအားကောင်းသော ဝါသီးနှံကို မိုးကြိုဝါ၊ မိုးဝါနှင့်မိုးနှောင်းဝါဟူ၍ စိုက်ပျိုးကြပြီး ကျောက်ဆည် မြို့နယ်တွင် ၁၀၀ ဧက၊ မြစ်သားမြို့နယ်တွင် ၂၁၂၅ ဧက၊ စုစုပေါင်း ၂၂၂၅ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မိုးကြိုဝါကိုဧပြီလတွင် စတင်စိုက်ပျိုးခဲ့ပြီး ယခုအချိန်တွင် မိုးကြိုဝါသီးနှံများ စတင်ထွက်ပေါ်လျက်ရှိကြောင်း ၊ B31 ၊ Raka- 666 မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးထုပ် ၂ ထုပ်ခွဲခန့် ကုန်ကျစိုက်ပျိုးရကြောင်း၊ မိုးကြိုဝါသီးနှံကို ဘောင်ခတ်စနစ်ဖြင့် စိုက်ပျိုးခြင်းနှင့် ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၅ သိန်းခန့်ကုန်ကျကြောင်း၊ တစ်ဧကလျှင် ဝါပိဿာချိန် ၈၀၀-၁,၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဝါစတင်ထွက်ပေါ်ချိန်မှစ၍ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အရည်အသွေးပိုမိုကောင်းမွန်သော ဝါသီးနှံများ လှိုင်လှိုင်ထွက်ပေါ်ချိန်တွင် ဈေးနှုန်းပိုမိုရရှိနိုင်ကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်နှင့်မြစ်သားမြို့ရှိ ပွဲရုံများမှတစ်ဆင့် မန္တလေးစက်မှု၊ ချည်မျှင်နှင့်ရက်ကန်းစက်ရုံများသို့ တင်ပို့ရောင်းချကြကြောင်း မိုးကြိုဝါစိုက်ပျိုးတောင်သူတစ်ဦးထံက သိရသည်။

**Source :** https://commerce.gov.mm/

## မကွေးမြို့၌ လောင်စာတောင့်ဈေး နှစ်ဆနီးပါးမြင့်တက်နေ



မကွေးမြို့ရဲ့ထင်းမီးသွေးအစားထိုးလောင်စာတောင့် ဈေးကွက်မှာ ပြီးခဲ့တဲ့ နွေရာသီက ဈေးထက်နှစ်ဆဈေးမြင့်တက်နေတယ်လို့ မကွေးမြို့ရှိ လောင်စာတောင့် ထုတ်လုပ်ရောင်းချသူတွေဆီက သိရပါတယ်။

ပြီးခဲ့တဲ့ နွေရာသီက လောင်စာတောင့် အခဲ ၄၀ ပါ တစ်အိတ်ကို ၄၅၀၀ ကျပ်ဈေးရှိပြီး အခုမိုးရာသီမှာတော့ တစ်အိတ်ကို ၈၀၀၀ ကျပ်ဈေးရှိနေတာပါ။

လောင်စာတောင့်တွေကို နေနဲ့အခြောက်ခံထုတ်လုပ်ရတာကြောင့် နွေရာသီနဲ့ဆောင်းရာသီသာ လုပ်ကိုင်ရအဆင်ပြေပြီး မိုးရာသီမှာတော့ အလုပ်ရပ်နားရတဲ့အချိန်ကများတယ်လို့ ထုတ်လုပ်ရောင်းချသူတွေက ပြောပါတယ်။ လောင်စာတောင့်ဈေးကွက် မြင့်တက်တာကတော့ ပစ္စည်းထုတ်လုပ်မှု လျော့ကျလာတာနဲ့ ကုန်ကြမ်းပစ္စည်းဈေး မြင့်တက်လာတာကြောင့် ဖြစ်တယ်လို့ မကွေးမြို့က လောင်စာတောင့်ထုတ်လုပ်သူတစ်ဦးက ပြောပါတယ်။

လောင်စာတောင့်တွေကို မီးသွေးအကြေနဲ့လွှစာမှုန့်တွေကိုရွှံ့စေးနဲ့ရောစပ်ထုတ်လုပ်တာဖြစ်ပြီး လောင်စာတောင့်တစ်ခဲက မီးလောင်ကျွမ်းချိန် တစ်နာရီခွဲခန့် ကြာမြင့်တယ်လို့ သိရပါတယ်။

မကွေးတိုင်းဒေသကြီးက ထွက်ရှိတဲ့ လောင်စာတောင့်တွေကို ရန်ကုန်ကို အဓိကတင်ပို့ကြပြီး ဒေသတွင်းမြို့တွေဖြစ်တဲ့ ရေနံချောင်း၊ ချောက်၊ ကျောက်ပန်းတောင်း ၊နတ်မောက်စတဲ့ မြို့တွေကိုလည်းတင်ပို့ကြကြောင်း သိရပါတယ်။

မကွေးမြို့မှာလောင်စာတောင့်ရောင်းချမှုအနေဖြင့်ပွင့်လင်းရာသီထက်မိုးရာသီမှာ ပိုမိုအရောင်းသွက်တယ်လို့ သိရပါတယ်။

**Source:** https://onenewstvchannel.com/

## ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံ၏ သရက်သီးတင်သွင်းမှုဈေးကွက်၏ ၉၇ ရာခိုင်နှုန်းကို သိမ်းပိုက်ထား



ဗီယက်နမ်သရက်သီးများသည် ထိုင်း၊ ပီရူးနှင့် ဩစတြေးလျတို့မှ တင်ပို့မှုထက် ကျော်လွန်ကာ တရုတ်၏ သရက်သီးတင်သွင်းမှု ဈေးကွက်ဝေစု၏ ၉၇ ရာခိုင်နှုန်းကို သိမ်းပိုက်ထားကြောင်း၊ ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်ခြင်း၊ အရည်အသွေးတစ်သမတ်တည်း ရှိခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ရောင်းချနိုင်ခြင်း တို့ကြောင့် ဈေးကွက်ရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ်၊ ပထမ သုံးလပတ်တွင် သရက်သီးတင်သွင်းမှု အမေရိကန်ဒေါ်လာ ၂၉ သန်းဖိုးရှိပြီး ယခင်နှစ်ကထက် သိသိသာသာမြင့်တက်လာခဲ့ကြောင်း၊ ကိန်းဂဏန်းအချက်အလက်များအရ ဗီယက်နမ်နိုင်ငံသည် သရက်သီးတန်ချိန် ၄၀,၇၀၀ နီးပါးကိုတင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ၂၈ သန်းရရှိကာ ယခင်ထက် သိသိသာသာ မြင့်တက်လာခဲ့ကာ ပျမ်းမျှပို့ကုန်ဈေးနှုန်းသည် ၇၂ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

ဗီယက်နမ်သည် တရုတ်နိုင်ငံနှင့် နီးကပ်စွာတည်ရှိနေခြင်းသည် ထောက်ပံ့ပို့ဆောင်ရေးအရ အားသာချက်ရှိပြီး ကုန်ကျစရိတ်သက်သာ၍ သစ်သီးအရည်အသွေးကိုထိန်းသိမ်းထားနိုင်ကြောင်း၊ ပို့ကုန်ဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ၇၀၀ရှိပြီး ထိုင်း၊ ပီရူးနှင့်ဩစတြေးလျတို့က တစ်တန်လျှင် အမေရိကန်ဒေါ်လာ၆၀၀၀ မှ ၁၁,၀၀၀ကြားရှိကြောင်း၊ ဗီယက်နမ်သည် သရက်သီးရာသီချိန်မဟုတ်သည့် စက်တင်ဘာလမှမတ်လအထိဈေးကွက်ကို သိမ်းပိုက်ထားပြီး ဝယ်လိုအား မြင့်တက်ချိန်တွင် ဈေးကွက်သို့ ဝင်ရောက်ခြင်းဖြစ်ကြောင်း၊ သရက်သီးရာသီချိန်ပြင်ပတွင် အရည်အသွေးအကောင်းဆုံး သရက်သီး တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၄ ဒေါ်လာဝန်းကျင်ဖြင့် ရောင်းချကြောင်းသိရသည်။

Hoa Loc နှင့် Cat Chu ကဲ့သို့သော အထူးမျိုးကွဲများသည် လတ်လတ်ဆတ်ဆတ်စားသုံးခြင်းနှင့်ပြုပြင်ခြင်း နှစ်မျိုးလုံး အတွက် လူကြိုက်များကြောင်း၊ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ သရက်သီးစိုက်ကေဟက်တာ ၂၀၀၀ ခန့်သည် VietGAP နှင့် GlobalGAP လက်မှတ်များရရှိထားပြီး၊ ထိုလက်မှတ်များသည် အရည်အသွေးမြင့်ဈေးကွက်ဝင်ရောက်ရန်အတွက် မရှိမဖြစ် လိုအပ်ကြောင်း သိရသည်။

စိန်ခေါ်မှုများမှာ တရုတ်နိုင်ငံမှ သရက်သီးပေါ်ချိန်ဖြစ်သည့် မေလမှစ၍ ဝယ်လိုအားအတက်အကျများ၍ သွင်းကုန်ဝယ်လိုအားကျဆင်းပြီး ဈေးနှုန်းများကျဆင်းကာ တစ်ခါတစ်ရံ တစ်ကီလိုဂရမ်လျှင် ပြား(cents)အနည်းငယ်အထိ ဈေးနှုန်းကျဆင်းကြောင်း၊ ဈေးကွက်တစ်ခုတည်းကို အားကိုးခြင်းသည် အန္တရာယ်များသဖြင့် သရက်သီးကဏ္ဍတွင် တင်ပို့သည့်နိုင်ငံများကို မတူကွဲပြားစေကာ ပြုပြင်ထုတ်လုပ်ခြင်းနှင့်ကြာရှည်ခံစေရန် ထိန်းသိမ်းခြင်းနည်းပညာများတွင်ရင်းနှီးမြှုပ်နှံရမည်ဖြစ်ကြောင်း ၊ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရသည့် စိုက်ပျိုးမြေများကို တိုးချဲ့ခြင်းသည် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://www.freshplaza.com/asia/article/9735255/vietnam-captures-97-of-china-s-mango-import-market/

**(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/

## အာဂျင်တီးနားနိုင်ငံသည် ရင်းနှီးမြှုပ်နှံသူများကို အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ငွေတိုက်စာချုပ်ထုတ်ပေး

အာဂျင်တီးနားနိုင်ငံသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကို ပစ်မှတ်ထား၍ အမေရိကန်ဒေါ်လာ ၁ ဘီလီယံအထိ တန်ဖိုးရှိသော ငွေတိုက်စာချုပ်တစ်ရပ်ကို ထုတ်ပေးမည်ဖြစ်ကြောင်း မေလ ၂၇ ရက်၌ ထုတ်ပြန်ကြေညာခဲ့သည်။



ငွေဈေးစာချုပ်ကိုဒေါ်လာဖြင့် သီးသန့်စာရင်းသွင်းမည်ဖြစ်ပြီး ၎င်း၏ထုတ်ပေးမှုနှင့်ပေးချေမှုမှာ အာဂျင်တီးနားပီဆိုဖြင့် ကျသင့်မည်ဖြစ်ကြောင်း အာဂျင်တီးနားစီးပွားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တရားဝင်ဆက်သွယ်မှုအရ၊ စာရွက်စာတမ်းတွင်ရရှိမည့် အမည်ခံနှစ်အလိုက် အတိုးနှုန်းကိုတင်ဒါတွင် သတ်မှတ်မည်ဖြစ်သည်။ "အာဂျင်တီးနားသည် ပြည်တွင်းငွေကြေးဖြင့် အကြွေးအရင်းကို ပြန်လည်ထုတ်ပေးရန်အတွက် နိုင်ငံတကာဈေးကွက်များသို့ တစ်ဖန်ဝင်ရောက်ခွင့်ရနေပြီဖြစ်သည်"ဟု အာဂျင်တီးနားစီးပွားရေးဝန်ကြီး Luis Caputo က ဆိုရှယ်မီဒီယာပလက်ဖောင်း X တွင် ပြောကြားခဲ့သည်။

အဆိုပါလုပ်ငန်းသည် စုစုပေါင်း (သို့မဟုတ် )အသားတင်ကြွေးမြီများတိုးလာမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

**Source: DOCA (ရန်ကုန်)**

**https://www.doca.gov.mm/**

## စီးပွားရေးမြှင့်တင်ရန် ပါလီမန်သို့ အမေရိကန်ဒေါ်လာ ၁၁၅ ဘီလီယံ ဘတ်ဂျက်ကို ထိုင်းဝန်ကြီးချုပ်က အဆိုတင်သွင်းခဲ့

ကမ္ဘာ့ကုန်သွယ်ရေး တင်းမာမှုများကြားတွင် နှေးကွေးနေသည့်စီးပွားရေးကို တွန်းလှန်ရန် ည်ရွယ်၍ ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အစိုးရ၏ ထိုင်းဘတ်ငွေ ၃ ဒသမ ၇၈ ထရီလီယံ (အမေရိ ကန်ဒေါ်လာ၁၁၅ ဒသမ ၆၆ ဘီလီယံ)ဘတ်ဂျက်ကို ထိုင်းဝန်ကြီးချုပ် Paetongtarn Shinawatra က မေလ ၂၈ ရက်တွင် အဆိုတင်သွင်းခဲ့သည်။

အဆိုပါဥပဒေမူကြမ်းတွင် အသုံးစရိတ် သုည ဒသမ ၇ ရာခိုင် နှုန်းတိုးလာပြီး ဘတ်ဂျတ်လိုငွေ ၈၆၀ ဘီလီယံ (ဒေါ်လာ ၂၆ ဒသမ ၃၁ ဘီလီယံခန့်) ကို မျှော်မှန်းထား ပြီး စက်တင်ဘာလတွင်ကုန်ဆုံးမည့်ဘဏ္ဍာရေးနှစ် ၂၀၂၅ ခုနှစ်ထက် သုည ဒသမ၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဘတ်ဂျက်သည် ရေရှည်တည်တံ့သော စီးပွားရေးပြန်လည်ဦးမော့လာစေရန် မောင်းနှင်ရန်၊နိုင်ငံတော်၏ အခြေခံအဆောက်အအုံများမြှင့်တင်ရန်၊ လူမှုရေးတန်းတူညီမျှမှုကိုအားကောင်းလာစေရန်နှင့် ဘဏ္ဍာရေးဆိုင်ရာ စည်းကမ်းထိန်းသိမ်းမှုတို့ကို ထိန်းသိမ်းရန် သူမ၏ အစိုးရ၏ကတိကဝတ်ကိုထင်ဟပ်စေကြောင်း Paetongtarn က အလေးပေးပြောကြားခဲ့သည်။

ဝင်ငွေကန့်သတ်ချက်များနှင့် စိန်ခေါ်မှုရှိသော ကမ္ဘာ့အခင်းအကျင်းများကြောင့် အစိုးရသည် နိုင်ငံတော်လုံခြုံရေးကို အားကောင်းစေခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်နှင့် လူ့စွမ်းအားအရင်းအနှီးများဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကအာရုံစိုက်ကာ လိုငွေပြဘတ်ဂျက်မူဝါဒကို အစိုးရကချမှတ်ခဲ့ကြောင်း လွှတ်တော်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ဘတ်ဂျက်အစီ အစဉ်အရထိုင်းနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုသည် ၂၀၂၅ နှင့် ၂၀၂၆ နှစ်ခုစလုံးအတွက် ၂ ဒသမ ၃ ရာခိုင်နှုန်းမှ၃ ဒသမ ၃ ရာခိုင်နှုန်းအထိ ခန့်မှန်းထားပြီး ငွေကြေးဖောင်းပွမှု သုည ဒသမ ၅ ရာခိုင်နှုန်းမှ ၁ ဒသမ ၅ ရာခိုင်နှုန်းအထိရှိမည်ဟုခန့်မှန်းထားသည်။

အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေးအလားအလာသည် အများသူငှာ ရင်းနှီးမြှုပ်နှံမှုတိုးလာခြင်း၊ ပြည်တွင်းစားသုံးမှုနှင့် အရေးပါသောခရီး သွားကဏ္ဍတွင် ပြန်လည် ကောင်းမွန်လာခြင်းတို့ကြောင့် အထောက်အပံ့ဖြစ်သည်ဟု Paetongtarn က မှတ်ချက်ပြုသည်။ သို့သော်လည်း အိမ်ထောင်စုနှင့် ကော်ပိုရိတ် ကြွေးမြီများ မြင့်မားနေသည့်အပြင် အမေရိကန်၏ ကုန်သွယ်မှုကာကွယ်ရေးဝါဒ၊ ပထဝီဝင်နိုင်ငံရေး တင်းမာမှုများနှင့် စိုက်ပျိုးရေးကဏ္ဍတွင် မတည်ငြိမ်မှုများကြောင့် ဖြစ်ပေါ်လာသည့် အန္တရာယ်များမှာ အဟန့်အတား ဖြစ်နေဆဲဖြစ်ကြောင်း ဝန်ကြီးချုပ်ကပြောကြားခဲ့သည်။

အောက်လွှတ်တော်တွင် လေးရက်ကြာ အချေအတင် ဆွေးနွေး မှုကို မေလ ၃၁ ရက်နေ့တွင် နိဂုံးချုပ်ရန်စီစဉ်ထားပြီး ယင်းဥပဒေမူကြမ်းအား ၎င်း၏ ပထမဆုံးအကြိမ်ဖတ်ကြားမှုကို အတည်ပြုရန်တက်ရောက်လာသော လွှတ်တော်အမတ် အများစု၏ ထောက်ခံမှုလိုအပ်ကြောင်းသိရသည်။

**Source :** DOCA(ရန်ကုန်) https://www.doca.gov.mm/

## STOCK EXCHANGE (5.6.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Jun. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,500 (Shares) | 21,632,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,000 | +100 | +1.45% | 6,900 | 7,000 | 6,700 | 457 | 3,166,100 | 33,109,694 | 231,768 |
| MTSH | 00002 | 3,050 | +50 | +1.67% | 3,000 | 3,050 | 3,000 | 4,313 | 13,017,000 | 38,929,150 | 118,734 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 30 | 234,000 | 10,400,986 | 81,128 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 658 | 1,184,400 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 99 | 277,200 | 12,823,224 | 35,905 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 1,558 | 2,551,750 | 19,977,223 | 32,962 |
| AMATA | 00007 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,950 | 10 | 39,500 | 10,497,598 | 41,466 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 375 | 1,162,500 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 5th Jun. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 354.77 | +2.79 | +0.79% | 351.98 | 354.77 | 348.97 | 7,500 | 21,632,450 | 8 | 669,154 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 5th Jun. 2025

| Trading Volume | Trading Value |
|---|---|
| 7,500 (Shares) | 21,632,450 (MMK) |

### Main Board

As of 1:00 pm, 5th Jun. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,500 (Shares) | 21,632,450 (MMK) |

| MYANPIX | 354.77 ▲ 2.79 |
|---|---|
| Total Volume (shares) | 7,500 |
| Total Value (MMK) | 22 mil |
| Listed Company | 8 |
| Market Cap. (MMK) | 669,154 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,000 | ▲ 100 |
| MTSH | 00002 | 3,050 | ▲ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 3,100 | ▲ 0 |